ဂဝံလေးတိုင်ကျေးရွာ
မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူခရိုင် ၊ ပခုက္ကူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ( ၂၀၁၉ – ၂၀၂၀ )

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပခုက္ကူမြို့နယ် ၊  ဂဝံလေးတိုင်ကျေးရွာအုပ်စု ၊ ဂဝံလေးတိုင်ကျေးရွာ
( စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| မာတိကာ | | ၃ |
| စကားချီ | | ၅ |
| ပခုက္ကူမြို့နယ်၊ ဂဝံလေးတိုင်ကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၇ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၇ |
| ၁။ | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၈ |
| ၂။ | **ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ** | ၉ |
| ၃။ | ကျေးရွာလူမှု ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၉ |
| | (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၉ |
| | (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု | ၉ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု | ၁၀ |
| | (ဃ) ကျန်းမာရေးနှင့် အဟာရ | ၁၀ |
| | (င) ပညာရေး နှင့် ကျွမ်းကျင်မှုများ | ၁၁ |
| | (စ) ကျား/ မ ဆိုင်ရာ ဆက်နွယ်မှု | ၁၂ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၃ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၄ |
| ၆။ | ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် | ၁၅ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ အထောက်အကူပြုဇယားများ | ၁၇ |
| | (က) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ အခန်းကဏ္ဍ | ၁၇ |
| | (ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း | ၁၇ |
| | (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ | ၁၇ |
| | (ဃ) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ | ၁၈ |
| ၈။ | စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်း | ၁၈ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း | ၁၈ |
| | (ခ) နှစ်ပတ်လည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း | ၁၉ |
| | (ဂ) နည်းပညာဆိုင်ရာ အကူအညီ | ၁၉ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၀ |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၂၁ |
| | ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား | ၂၁ |
| | ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား | ၂၅ |
| | ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု | ၂၆ |
| | ဇယား (၅) ဓာတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ | ၂၆ |
| | ဇယား (၆) ဥစ္စာခနေအဆင့် အခြေအနေ | ၂၇ |

| | | |
|---|---|---|
| ဇယား (၇) | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၂၈ |
| ဇယား (၈) | ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၂၉ |
| ဇယား (၉) | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၂၈ |
| ဇယား (၁၀) | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၂၉ |
| ဇယား (၁၁) | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၃၀ |
| ဇယား (၁၂) | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ | ၃၀ |
| ဇယား (၁၃) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၃၁ |
| ဇယား (၁၄) | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၃၂ |
| ဇယား (၁၅) | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၃၃ |
| ဇယား (၁၆) | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၃၄ |
| ဇယား (၁၇) | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၃၅ |
| ဇယား (၁၈) | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၃၆ |
| ဇယား (၁၉) | မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ | ၃၇ |
| ဇယား (၂၀) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၃၈ |
| ဇယား (၂၁) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၃၉ |
| ဇယား (၂၂) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၄၀ |
| ဇယား (၂၃) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၁ |
| ဇယား (၂၄) | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ | ၄၂ |
| ဇယား (၂၅) | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း | ၄၂ |
| ဇယား (၂၆) | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၄၃ |
| ဇယား (၂၇) | ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ | ၄၄ |
| ဇယား (၂၈) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၄၅ |
| ဇယား (၂၉) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၄၆ |
| ဇယား (၃၀) | မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၄၆ |
| ဇယား (၃၁) | ကျောင်းတက်နှုန်း | ၄၇ |
| ဇယား (၃၂) | စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ | ၄၇ |
| ဇယား (၃၃) | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၄၈ |
| ဇယား (၃၄) | အဖြစ်များသော ရောဂါများ | ၄၈ |
| ဇယား (၃၅) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၄၉ |

| | | | |
|---|---|---|---|
| | ဇယား (၃၆) | ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၅၀ |
| | ဇယား (၃၇) | သောက်သုံးရေ ရရှိနိုင်မှု | ၅၁ |
| | ဇယား (၃၈) | အိမ်သာ အမျိုးအစား | ၅၂ |
| | ဇယား (၃၉) | ကျား - မ ရေးရာ | ၅၃ |
| | ဇယား (၄၀) | ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ | ၅၄ |
| | ဇယား (၄၁) | ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၅၅ |
| | ဇယား (၄၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၅၆ |
| | ဇယား (၄၃) | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၅၇ |
| | ဇယား (၄၄) | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၅၈ |
| | ဇယား (၄၅) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၅၉ |
| | ဇယား (၄၆) | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၆၀ |
| | ဇယား (၄၇) | ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု | ၆၁ |
| | ဇယား (၄၈) | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၆၁ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၆၂ |

**စကားချီး**

ပထမဦးစွာ ကျွန်ုပ်တို့ ဂဝံလေးတိုင်ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာ (VDP) ကျေးရွာ အဖြစ် ရွေးချယ်ပေးပါသော သက်ဆိုင်ရာ လူကြီးမင်းများ နှင့် (VDP) ကျေးရွာစီမံကိန်း လက်စွဲစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များအား ကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဂဝံလေးတိုင်ကျေးရွာသူ/ သားများ အားလုံးပါဝင်၍ ကျေးရွာတွင် ရင်ဆိုင်နေရသည့် အဓိက အခက်အခဲ ပြဿနာများကို ဖော်ထုတ် ခဲ့ကြပြီး ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏ အဓိက အခက်အခဲဖြစ်နေသော ကျေးရွာတွင်းနှစ်လမ်းသွားကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပထမဦးစားပေး အနေဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပြီး ရေကာတာတည်ဆောက်ခြင်းလုပ်ငန်း အတွက် နည်းပညာဆိုင်ရာ ပူးပေါင်း ပါဝင်ကူညီမည့် ကျေးလက်ဝန်ထမ်းများနှင့် ကျေးရွာ၏ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်စစ်တမ်းများကို အသေးစိတ်ကောက်ယူပေးခဲ့သော ကျေးလက်ဝန်ထမ်းများအား ကျေးဇူးအထူးပင်တင်ရှိပါသည်။ ရရှိလာသော ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို စီမံကိန်းရေးဆွဲရေး အထောက်အကူပြုဇယားတွင် ရေးသွင်းခြင်းဖြင့် ဖွံ့ဖြိုးရေးအမြင်များကိုလည်း သိမြင်လာရပါသည်။ ယခင်နှစ်များက မိမိတို့ နားမလည်ခဲ့သည့် အတွေ့အကြုံများကို ယခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဂန်ထမ်းများက နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ကြားပို့ချခဲ့ပါသဖြင့် ကျွန်ုပ်တို့ ကျေးရွာသူ/ သား များသည် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျေးရွာ လူထုသည်သာ အဓိက ပဓာန ကျကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ မိမိတို့ကျေးလက်နေ ပြည်သူများ၏ ဘဝနှင့် ဆိုင်သော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားအင်အားများ ပါဝင်၍ ဆောင်ရွက်ရသော စီမံကိန်း ဖြစ်ကြောင်းကိုလည်း နားလည်သဘောပေါက် လာခဲ့ပါသည်။

ဤစီမံချက် လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲ မှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါရှိသော ဦးစားပေးစီမံကိန်းလုပ်ငန်းများ ဆက်လက် အကောင် အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးကူညီမှုများ ရရှိနိုင်ရေး တင်ပြတောင်းခံသွားမည့်အပြင် မိမိတို့ကျေးရွာ အနေဖြင့်လည်း တတ်နိုင်သမျှ ငွေအား၊ လုပ်အားစုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ကျေးရွာမှ နောင် အနာဂတ်တွင်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုများကို ဆန်းစစ်သုံးသပ် အကဲဖြတ်ပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)

တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဧပြီ လ၊ ၂၀၁၉ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဂဝံလေးတိုင်ကျေးရွာ
ပခုက္ကူမြို့နယ်

## ဂဝံလေးတိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပခုက္ကူမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းမည့် နည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာနားလည်သဘော ပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များမှ ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/ သားများကိုယ်တိုင် တတ်သိနားလည်သူများနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြားအဖွဲ့အစည်းများနှင့် လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည် လည်း ဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင် မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ခဲ့ကြပါသော ကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေရှည်/ တိုမှာပါ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလတစ်ခုအတွင်း၌သာ ကျေးရွာ ဒေသခံများ တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် ပံ့ပိုးကူညီထောက်ပံ့မှု များကိုသာ အခြေခံကာ ဆောင်ရွက်ခဲ့ပါသည်။ ယခုဆောင်ရွက်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းမှ မိမိတို့ ယခင်က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကဲ့သို့ ပိုမိုကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြော်အမြင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

ကျေးလက်ပြည်သူလူထုအားလုံး ဦးဆောင်ပါဝင်သည့် လုပ်ငန်းအစီအစဉ်ဖြစ်သောကြောင့် ဆင်းရဲ ချမ်းသာမရွေး အလွှာပေါင်းစုံ ပါဝင်ခွင့်ရရှိသော ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိက နေရာတွင် ထားရှိ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ပါဝင်ဦးစားပေး ရွေးချယ် ဆောင်ရွက်ထားခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ကူညီပေးရာရောက်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ငွေကြေး၊ နည်းပညာနှင့် ပစ္စည်း အခက်အခဲများရှိနေသော်လည်း လက်တွေ့ ဆောင်ရွက်ရာ၌ ကျေးရွာဖွံ့ဖြိုးရေး အဓိက လိုအပ်ချက် များကိုသာ ဦးစားပေး စီမံကိန်းများအဖြစ် ရွေးချယ်သွားပါမည်ကျေးရွာဒေသခံမျာ အသိပညာ စွမ်းဆောင်နိုင်မှုဗဟုသုတနှင့် လိုအပ်သော အရင်းအနှီးများပေါ် မူတည်၍ စီမံချက်လုပ်ငန်းများအား တိုးချဲ့ ဆောင်ရွက်သွားပါမည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဂဝံလေးတိုင်ကျေးရွာသည် ရေဝတီမြစ်မြောက်ဘက်(၁၀)မိုင်အကွာတွင်တည်ရှိပြီး ပခုက္ကူ–ပေါက်ကားလမ်းမကြီး၏ တောင်ဘက်တွင်တည်ရှိပါသည်။သမိုင်းဝင်နတ်အင်းချောင်း၏ အနောက်ဘက်တွင် တည်ရှိပြီး သမိုင်းဝင် ဂေါတမဘုရား၏ အရှေ့ဘက် (၁)ဖာလုံတွင်တည်ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ဂဝံလေးတိုင်ကျေးရွာတွင် ယာမြေ (၈၅၀)ကေ၊ ကိုင်းကျွန်းမြေ (၇၁)ကေရှိပြီး (၅၀)ကေမှာ စားကျက်မြေများဖြစ်ပါသည်။ စိုက်ပျိုးမြေများမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်မှု ရှိပြီး ဥယျာဉ်ခြံမြေ ၊ ဓနိတောမြေ နှင့် မြေလွတ်မြေလပ်များ မရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၃၇၂)စုရှိပြီး၊ ကျား(၇၁၈)ဦး ၊ မ(၇၈၇)ဦးဖြင့် လူဦးရေပေါင်း (၁၅၀၅)ဦး ရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်နှုန်း (၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်ရှိသည့် လူဦးရေသည် ကျေးရွာရှိလူဦးရေပေါင်း၏ (%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ– ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဂဝံလေးတိုင်ကျေးရွာတွင် အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။ တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၉၅)အိမ်ထောင်စုသည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး (၁၀)အိမ်ထောင်စုသည် ချမ်းသာသည့်အဆင့်၊ (၂၆၇) အိမ်ထောင်စုသည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ချမ်းသာသော အိမ်ထောင်စု (၁၀)စု၏ မြေကေပိုင်ဆိုင်မှုမှာ အနည်းဆုံး (၁၀)ကေနှင့် အများဆုံး (၃၀)ကေ ပိုင်ဆိုင်ပြီး ရေတွင်းတစ်တွင်း၊ ယင်လုံအိမ်သာ တစ်လုံး၊ ရေကန်(၁)ကန်၊ စက်ဘီးတစ်စီး၊ ဆိုင်ကယ်တစ်စင်းစီ၊ ခိုင်းနွား (၂)ကောင်စီ နှင့် ရေစုပ်စက်(၁)လုံးစီ ပိုင်ဆိုင်ကြပါသည်။ နွားပိုင်ဆိုင် မှုမှာ အနည်းဆုံး(၂)ကောင်မှ (၇)ကောင်စီ ပိုင်ဆိုင်ကြပါသည်။ ကားပိုင်ဆိုင်သည့် အိမ်ထောင်စု (၃)စုရှိပြီး ချမ်းသာသော အိမ်ထောင်စုတိုင်းတွင် ဖုန်း(၁)လုံး၊ ရေဒီယို(၁)လုံး၊ တီဗွီ(၁)လုံး၊ စလောင်း(၁)ခုစီပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသော တစ်ချို့အိမ်ထောင်စုတွင် ယာမြေ(၉)ကေမှ (၂)ကေအထိ ရှိသော်လည်း စိုက်ပျိုးရန် အရင်းအနှီးမရှိသည့်အတွက် ချေးငွေများရယူပြီး ရာသီအလိုက် စိုက်ပျိုးကြသည်ကို တွေ့ရှိရပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုမှာ လက်လုပ်လက်စား၊ ကျပန်းအလုပ်သမား လုပ်ကိုင်သူများဖြစ်ပါသည်။

## (ဂ)	ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ဂဝံလေးတိုင်ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော (၁၈) အိမ်ထောင်စုကို လေ့လာ ဆန်းစစ်မှုအရ ယင်းတို့၏ (၃)လအောက် ဝမ်းစာ ဖူလုံမှု ရှိသည့် အိမ်ထောင်စု (၃၀)အိမ်ထောင်စုရှိပြီး (၃)လနှင့် (၆)လကြားဝမ်းစာဖူလုံသည့် အိမ်ထောင်စု (၁၅၀) စု ရှိပါသည်။ (၆)လမှ (၁၂)လအထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စု (၁၈၀) အိမ်ထောင်စု ရှိပါသည်။ (၃)လအောက်ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုများနှင့် (၃)လနှင့် (၆)လကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်စုနှင့် (၆)လမှ (၁၂)လ အထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများအား ဆွေမျိုးသား ချင်းများနှင့် ငွေကြေးတတ်နိုင်သူများထံမှ ချေးငှားစားသောက်ရပါသည်။ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၆၄)နှစ်အထက် ကျား(၅)ဦး၊ မ(၅)ဦး ရှိပြီး ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၅၅)စု ရှိပါသည်။ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်နေထိုင်သည့် ဆင်းရဲသော အိမ်ထောင်စု (၈၀)စု ရှိကြောင်း တွေ့ရှိရ ပါသည်။ဂဝံလေးတိုင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စု များပြားပါ သည်။မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ ချောင်းဘေးနေထိုင်သူများ၊ မြေနိမ့်ပိုင်းတွင် နေထိုင်သူ များ၊ ကျပန်းလုပ်သာများမှာ ထိခိုက်လွယ်ကြောင်း တွေ့ရှိရပါသည်။

## (ဃ)	ကျန်းမာရေးနှင့် အာဟာရ

ဂဝံလေးတိုင်ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန် ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။ သွေးလွန် တုပ်ကွေးရောဂါသည် ရာသီအကူးအပြောင်းတွင် အဖြစ်များပါသည်။ ငှက်ဖျားရောဂါ မဖြစ်ပွားပါ။ ဆီးချို/သွေးတိုး ရောဂါဖြစ်ပွားမှုမှာ (၅၅)ဦးနှင့် တီဘီရောဂါမှာ လူတစ်ဦးနှစ်ဦးသာဖြစ်ပွားပါသည်။ သွေးတိုးရောဂါဖြစ်ပွားမှုများပြားသည်ကိုတွေ့ရှိရပါသည်။ ဝက်သက်ရောဂါမှာ ပြာသိုလတွင် အဖြစ်များပါသည်။ အဆုတ်၊ အသည်းရောင်အသားဝါရောဂါ ၊ ပိုလီယိုရောဂါဖြစ်ပွားသူ (၂)ဦး၊ (၃)ဦးသာ ဖြစ်ပွားပါသည်။ ဂဝံလေးတိုင်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ရှိပါသည်။ ရွာတွင်း (သို့) ရွာအနီးအနားတွင် ဆေးဆိုင် ရှိပါသည်။

## (င)	ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေ အတွက် အသင့်အတင့် များပြားသည်။ ဂဝံလေးတိုင်ကျေးရွာတွင် အထက်တန်းကျောင်းရှိပြီး ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ စာသင်ခုံလည်း လုံလောက်မှု ရှိပါသည်။ အားကစား ပစ္စည်းများမရှိပါ။ကျောင်းဝန်း၏ စတုရန်းပေမှာ () ပေ ရှိပါသည်။ အထက်တန်း ကျောင်းဆောင်မှာ တစ်ထပ် ကျောင်းဆောင် ဖြစ်ပါသည်။ ရွာတွင်း၌ စာသင်ကျောင်းရှိသဖြင့် ကျောင်းသူ/ သားများ သွားလာရေး အဆင်ပြေပါသည်။

## (စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

ဂဝံလေးတိုင်ကျေးရွာတွင် ကျား ၊ မ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း စံနှုန်းများအရကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး လယ်ယာလုပ်ငန်းတွင် ကျား/ မနေ့စားလုပ်အားခ ကွဲပြားသည်ကို တွေ့ရှိရပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု၊ ခေါင်းဆောင်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုအသင့်အတင့်ရှိပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများနှင့် ပတ်သက်၍ လူထု၏ အသိအမြင် မရှိပါ။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်နှင့်အလယ်တန်းအဆင့်နှင့် တက္ကသိုလ်/ကောလိပ်အဆင့်တွင် ယောကျ်ားလေးအရေအတွက်သည် မိန်းကလေး အရေအတွက်ထက်နည်းသော်လည်း အထက်တန်း အဆင့်တွင်မိန်းကလေး အရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက် ပိုများပါသည်။ တက္ကသိုလ်အဆင့်တွင် အမျိုးသမီးအရေအတွက်မှာ အမျိုးသားအရေအတွက်ထက် ပိုများသည်အတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အတူတူပင်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ–

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **အခြေခံအဆောက်အဦ** | * ကျေးရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းခြင်း၂ x(၁၆၆၀'x၃'x၆") | ၁၀၀ | ၁ | * ဂဝံလေးတိုင် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီက ကျေးလက်ဦးစီးဌာနမှ နည်းပညာအကူအညီယူ၍ဆောင်ရွက်သွားမည်။ | |
| **အခြေခံအဆောက်အဦ** | * 400v ဓါတ်အားလိုင်းမရရှိခြင်း | ၉၀ | ၂ | ဂဝံလေးတိုင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှနည်းပညာရယူ၍ဆောင်ရွက်သွားမည်။ | |
| **အခြေခံအဆောက်အဦ** | * ရွာချင်းဆက်လမ်းမကောင်းခြင်း | ၈၅ | ၃ | * ဂဝံလေးတိုင် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီက ကျေးလက်ဦးစီးဌာနမှ နည်းပညာအကူအညီယူ၍ဆောင်ရွက်သွားမည်။ | |
| **စိုက်ပျိုးရေး** | * စိုက်ပျိုးရန်မြေဆီလွှာမကောင်းခြင်း | ၈၀ | ၄ | * မြေဆီလွှာကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |

| | | | | | |
|---|---|---|---|---|---|
| **စိုက်ပျိုးရေး** | * သီးနှံမျိုးကောင်းမျိုးကောင်းရရှိရေး | ၇၇ | ၅ | * စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **အသက်မွေးဝမ်းကျောင်း ကဏ္ဍ** | * ဝက်၊ နွား၊ ကြက်၊ ဆိတ် စသည့် တိရစ္ဆာန်များ မျိုးကောင်းမျိုးသန့်မရခြင်း | ၇၄ | ၆ | * မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **အသက်မွေးဝမ်းကျောင်း ကဏ္ဍ** | * ဝက်၊နွား၊ ကြက်၊ ဆိတ် စသည့်တိရစ္ဆာန်များမျိုးကောင်းမျိုးသန့်ရရှိရေး | ၇၀ | ၇ | * စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်ခြင်း စိုက်ပျိုးရေးကုမ္ပဏီတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် | |
| **ကျန်းမာရေး** | * ကိုယ်ဝန်ဆောင်မိခင်နှင့် အရေးပေါ်လူနာများ ဆေးကုရာတွင် အခက်အခဲဖြစ်ခြင်း | ၆၈ | ၈ | * ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **ကျန်းမာရေး** | *ကျေးလက်ဆေးပေးခန်းမရှိခြင်း | | | *ကျေးရွာလူထုနှင့် ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | စီမံချက် | အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းအားကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂ | ကျေးရွာချင်းဆက်လမ်းပြုပြင်ခြင်း | ၂ | | ✔ | ✔ | ✔ | ✔ |
| ၃ | (၄၀၀)V ဓါတ်အားလိုင်းရရှိရေးဆောင်ရွက်ခြင်း | ၃ | ✔ | | | | |
| ၄ | ကျေးလက်ဆေးပေးခန်းသွပ်မိုးထရံကာဆောက်လုပ်ခြင်း | ၄ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | သီးနှံမျိုးကောင်းမျိုးသန့်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ၅ | ✔ | | | | |
| ၆ | မြေဩဇာကောင်းမွန်ရေးနည်းပညာကောင်းများရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောက်ရွက်ခြင်း | ၆ | ✔ | | | | |
| ၇ | မူလတန်းကျောင်းတွင် အားကစားပစ္စည်းများ စုံလင်စွာ ရရှိရေး အတွက် အလှူရှင်ရှာရန် | ၇ | ✔ | ✔ | ✔ | | |
| ၈ | စာကြည့်တိုက်တွင် ဗဟုသုတရရှိစေမည့်စာအုပ်များရရှိရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်ဖွဲ့စည်း၍ အလှူငွေကောက်ခံခြင်း | ၈ | ✔ | ✔ | ✔ | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ– လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

### စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှု ဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့် တင်ရေး | |
| ၁ | ဂဝံလေးတိုင်ကျေးရွာတွင်း လမ်းအား ကွန်ကရစ်ဘီးလမ်း ခင်းခြင်း၂x (၁၆၆၀'x ၃'x ၆") | | | ✔ | | |
| ၂ | ဂဝံလေးတိုင်–ရေမျက် ရွာချင်းဆက်လမ်းအား ကွန်ကရစ်ဘီး လမ်းခင်းခြင်း | | | ✔ | | |
| ၃ | 400V ဓါတ်အားလိုင်းရရှိရေး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၄ | ကျေးလက်ဆေးပေးခန်းရရှိရန် ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | | | ✔ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | သီးနှံမျိုးကောင်းမျိုးသန့်ရရှိရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | | | | ✔ | |
| ၆ | စိုက်ပျိုးမြေဆီလွှာကောင်းမွန်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | | | | ✔ | |
| ၇ | မူလတန်းကျောင်းတွင်အားကစားပစ္စည်းများစုံလင်ရေးအတွက် အလှူရှင်ရှာရန် | | | ✔ | | |
| ၈ | စာကြည့်တိုက်တွင် ဗဟုသုတရရှိစေမည့် စာအုပ်များရရှိရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်ကော်မတီဖွဲ့စည်း၍ အလှူငွေကောက်ခံရန် | | | ✔ | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်ရန် ဦးဆောင်ပါမည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များမှ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမည့် တာဝန် ယူဆောင်ရွက်သော်လည်း အခြားသော မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

ဂဝံလေးတိုင်ကျေးရွာတွင်းလမ်းအား ကွန်ကရစ်ဘီးလမ်းခင်းခြင်း၂x (၁၆၆၀'x ၃'x ၆")အား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ နည်းပညာအကူအညီများ ရယူ၍ ကျေးရွာလူထု၏ စုပေါင်းအားဖြင့် ဆောင်ရွက်သွားပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။အစကနဦး၌ ကြီးကြပ ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကွန်ပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress)တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို တစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်း အလိုက် တာဝန်ယူဆောင်ရွက်နေ သော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန် ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့သည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်း အချက်အလက် များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံအချက်အလက် များသည် စီမံကိန်းတိုးတက်မှု ကို တိုင်းတာမည့် အညွှန်းကိန်း(Indicator)များ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေ တောင်းခံလွှာတင်ပြ သည့်အချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီး သည် ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (Monitoring Report) ကို လူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်ပါမည်။ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာ ထားချက် နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရ သော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင် ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ ၎င်းအစီရင်ခံစာ တွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ် များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလပြီးမြောက်ချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက် နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (နည်းပညာပံ့ပိုးပေးသူများ၊ ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာ များ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

နည်းပညာဆိုင်ရာအကူအညီကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ၏ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်။

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၅ | ၈ | ၂၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၅ | ၃၆ | ၈၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၀ | ၅၇ | ၁၀၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၉ | ၅၉ | ၁၀၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၉၄ | ၅၄၁ | ၁၀၃၅ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅၃ | ၉၀ | ၁၄၃ |
| စုစုပေါင်း | | ၇၀၆ | ၇၉၁ | ၁၄၉၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၇၂ | | |

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၃၇၂)စုရှိပြီး၊ ကျား(၇၀၆)ဦး၊ မ (၇၉၁)ဦး ဖြင့် လူဦးရေပေါင်း (၁၄၉၇)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ (၄)ဦးနှုန်းရှိကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် အရွယ်(၁၀၃၅)ဦး ရှိပြီး သက်ကြီး ရွယ်အို (၁၄၃)ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၂ | ၁၇၉ | | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၀ | ၂၅၀ | | မြင့်☐လတ်☑နိမ့်☐ |

| | | | | | |
|---|---|---|---|---|---|
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၈ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | – | မြင့်☐လတ်☐နိမ့်☐ |

| | | | | | |
|---|---|---|---|---|---|
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | – | – | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၅၀ | | | မြင့်☐လတ်☑နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |

| | | | | | |
|---|---|---|---|---|---|
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၂ | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | - | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၄ | ၃ | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၂၅ | | မြင့်☐လတ်☑နိမ့်☐ |

| ၁၈ | **ကျန်းမာရေး** | | | | |
|---|---|---|---|---|---|
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၃ | | မြင့်☐လတ်☐နိမ့်☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား /ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၂၀ | | မြင့်☐လတ်☐နိမ့်☑ |
| | **စုစုပေါင်း** | | | | ☒ |

**လေ့လာတွေ့ရှိချက်။** ။ ကိုယ်ပိုင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု (၁၃၂) စု၊ တိရစ္ဆာန်မွေးမြူသည့် အိမ်ထောင်စု (၈)စု၊ လက်သမား၊ ပန်းရံ လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု (၁၀)စုရှိပါသည်။ ဆံပင်၊ အလှပြင်၊ အပ်ချုပ်လုပ်ငန်း လုပ်ကိုင်သော လူဦးရေ (၂)ဦး၊ ကျန်းမာရေးဝန်ထမ်း (၃)ဦး နှင့် ပြင်ပအဖွဲ့အစည်းများတွင် လုပ်ကိုင်သူ (၂၀)ဦး ရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြုပြင်ဆင်ရေး | နေ့စား | ၆၀၀၀ | | ၆၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၄၀၀၀ | | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၃၀၀၀ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျား/မ လုပ်အားခ ကွာဟမှု ရှိပါသည်။ လက်သမားပန်းရံလုပ်ငန်းတွင်လည်း ကျား/မ လုပ်အားခ ကွာဟမှုရှိပြီး လက်လီလက်ကား ရောင်းဝယ်ရေးတွင် အမျိုးသမီးများသာ လုပ်ကိုင်ကြပြီး၊ အမျိုးသားများ လုပ်ကိုင်ခြင်း မရှိပါ။ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်းတွင် လုပ်ကိုင်သူ အမျိုးသားများသာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၈၅၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၇၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| ခနိုတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | ၅၀ | ကောင်း ☐ | သင့်☐ | ညံ့ ☑ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **စုစုပေါင်း** | ၂၇၀ | ☒ | | |

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင် စိုက်ပျိုးမြေဧက(၂၂၀)ရှိပြီး၊ (၅၀)ဧကမှာ စားကျက်မြေများ ဖြစ်ပါသည်။စိုက်ပျိုးမြေများမှာ မြေဆီလွှာအသင့်အတင့်သာ ကောင်းမွန်ပြီး ဥယျာဉ်ခြံမြေ၊ ခနိုတောမြေ၊ ယာမြေနှင့် မြေလွတ်မြေလတ်များ မရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့် ☑ နည်း☐ မရှိ☐ | လွယ်☑ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | ☒ |

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင် အခြားတွင်းထွက် သယံဇာတပစ္စည်းများ မထွက်ရှိပါ။ကျောက်၊ သဲ၊ ကျောက်စရစ်များ အသင့်အတင့် ထွက်ရှိပြီး ဆေးဖက်ဝင်အပင်များရှိပြီး သဘာဝတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၃၀ | ၉ | - | - |
| အိမ်အခြေအနေ | | | | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | ၁၀ | ၂၆၇ | ၅၀ | ၄၅ |
| **အိမ်ထောင်စု** | | | | |

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၂)စုသာရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စု(၃၀)စု ၊ စီးပွားရေးအသင့်အတင့်သာရှိသော အိမ်ထောင်စုများ များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | **ဖြေရှင်းသည့်နည်းဗျူဟာ**(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၃၀ | အခြားအစာပြောင်းလဲစား= ____-_______<br>အစာလျှော့စား = _____-______<br>အထောက်အပံ့ယူ = ☑<br>ချေးယူ = ☑<br>လုပ်အားခကြိုယူ= ______-_____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၅၀ | အခြားအစာပြောင်းလဲစား= ____-_______<br>အစာလျှော့စား = ____-_______<br>အထောက်အပံ့ယူ = ☑<br>ချေးယူ = _____-______<br>လုပ်အားခကြိုယူ= ___-________ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၈၀ | အခြားအစာပြောင်းလဲစား= ______-_______<br>အစာလျှော့စား = ______-_______<br>အထောက်အပံ့ယူ = ☑<br>ချေးယူ = ______-_______<br>လုပ်အားခကြိုယူ= _____-________ |

**လေ့လာတွေ့ရှိချက်။** ။ (၃)လအောက် ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု (၃၀) အိမ်ထောင်စုရှိပြီး (၃)လနှင့် (၆)လကြား ဂမ်းစာဖူလုံသည့် အိမ်ထောင်စု (၁၅၀ )စုရှိပါသည်။ (၆)လမှ (၁၂)လအထိ ဂမ်းစာဖူလုံသည့် အိမ်ထောင်စု (၁၈၀) စု ရှိသည်ကို တွေ့ရှိရပါသည်။ ဝမ်းစာမဖူလုံသည့် အိမ်ထောင်စုများအားလုံး ချေးငွေချေးသည့် အဖွဲ့များထံမှ ချေးငွေချေးယူ၍ စားသောက်ရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၂ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၈၀ | | |

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင်မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄) နှစ်အထက် ကျား(၁)ဦး၊ မ(၂)ဦး စုစုပေါင်း(၃)ဦးရှိပြီး၊ မိသားစု၊ ရပ်ရွာ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် သက်ကြီးရွယ်အိုမရှိကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၅၅)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၆)စုရှိကြောင်း တွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☐ နိမ့်☑မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐လတ် ☑ နိမ့်☐မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☑နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐လတ် ☐နိမ့်☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှု မရှိပါ။ သဘာဝဘေး အန္တရာယ်အနေဖြင့် ချောင်းရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းကျခြင်း၊ သစ်တောပြုန်းတီးခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု အနည်းငယ်တွေ့ကြုံရကြောင်း တွေ့ရှိရပါသည်။လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောကြောင်းတွေ့ရှိရပါသည်။ငှက်ဖျားရောဂါနှင့် အခြားကူးစက်ရောဂါများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့်☐ လတ် ☑နိမ့်☐မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | ◌ြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☑ မရှိ ☐ |

**လေ့လာတွေ့ရှိချက်။ ။** ဂဝံလေးတိုင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများပြားပြီး မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ မြစ်ကမ်းဘေးနေထိုင်သူများ၊ မြေနိမ့်ပိုင်း နေထိုင်သူများ၊ ကျဘန်းအလုပ်သမားများ များပြားကြောင်း တွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ တစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | သက်ကြီးရွယ်အို စောင့်ရှောက်မှု အသင်း | ၁ ☐<br>၂ ☑<br>၃ ☐ | ၆ | ၇ | ၁၃ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ယောမေတ္တာ လူမှု ကူညီရေး အသင်း | ၁ ☐<br>၂ ☑<br>၃ ☐ | ၁၁ | | ၁၁ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ဝတ်အသင်း | ၁ ☐<br>၂ ☑<br>၃ ☐ | ၁၅ | ၂၀ | ၃၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ရေကော်မတီ | ၁ ☐<br>၂ ☑<br>၃ ☐ | ၁၀ | | ၁၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၅ | ကျေးရွာဖွံ့ဖြိုး ရေးကော်မတီ | ၁ ☐<br>၂ ☑<br>၃ ☐ | ၄ | ၃ | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့နှင့် ယောမေတ္တာလူမှုကူညီရေးအဖွဲ့မှာ ကျန်းမာရေးသီးသန့်အဖွဲ့ဖြစ်ပြီး ဝတ်အသင်း၊ မီးလင်းရေးကော်မတီနှင့် ရေကော်မတီစသည့် အဖွဲ့(၅)ဖွဲ့ရှိကြောင်း တွေ့ရှိရပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Pact Myanmar | ၁☐ ၂☑ ၃☐ ၄☐<br>၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | BNK | ၁☐ ၂☑ ၃☐ ၄☐<br>၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | Procinily | ၁☐ ၂☑ ၃☐ ၄☐<br>၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | Un-Habita | ၁☐ ၂☑ ၃☐ ၄☐<br>၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင် Pact Myanmar ၊ BNK ၊ အဖွဲ့များမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေဝန်ဆောင်မှုများ ဆောင် ရွက်ပေးနေခြင်းနှင့် Procinily၊ Un-Habita အဖွဲ့မှ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

## (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၂၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၁၂၂ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၂၅ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၁၀ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၃၇၂** | ☒ |

**လေ့လာတွေ့ရှိချက်။** ။ ဂဝံလေးတိုင်ကျေးရွာတွင် အိမ်ထောင်စု (၃၇၂)စုရှိပါသည်။ ကျေးရွာတွင် ယာမြေ (၂.၅)ဧကအောက်ပိုင်ဆိုင်သူ (၁၂၀)ဦး၊ ယာမြေ(၂.၅)ဧကမှ (၅)ဧက ကြားပိုင်(၁၂၂)ဦး ရှိပြီး မြေမဲ့ယာမဲ့ကျပန်းလုပ်ကိုင်စားသောက်နေရသော အိမ်ထောင်စု (၉၅)စု ရှိပါသည်။

### (၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေ းရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ ☐ မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၄ | ရေသွင်း မြောင်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၅ | အဝီစိတွင်း | ၂၀ | တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐ မဖြေဆိုပါ☐ |
| ၆ | လက်ငင် ရေတွင်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |

| | | | | |
|---|---|---|---|---|
